၆။ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများမှ ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်မီရယူပါ။



၇။ ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကိုသတိပြုပါ။



၈။သက်ကြီးရွယ်အိုများ၊ နို့တိုက်မိခင်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများကို ဦးစားပေးကူညီစောင့်ရှောက်ပါ။





## မိုးခေါင်ရေရှားဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ ထိခိုက်ပျက်စီးမှုများကို သက်ဆိုင်ရာဌာနများသို့ တိုက်ရိုက်ဖြစ်စေ၊ ဒေသခံလူမှုအဖွဲ့များမှတစ်ဆင့် ဖြစ်စေ အကြောင်းကြား၍ အကူအညီရယူပါ။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ ယခင်အတွေ့အကြုံများကို အခြေခံပြီး ကြိုတင်ပြင်ဆင်မှု များဆောင်ရွက်ထားပါ။



၃။ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို မိမိတတ်စွမ်းသရွေ့ဆောင်ရွက်ပါ။





၄။ မိုးခေါင်ခြင်းအတွက် ရေအရင်းအမြစ်ပြမြေပုံများပြုစု ရေးဆွဲရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပါ။



၅။ တွေ့ကြုံခဲ့မှုများအားအခြေခံ၍ ဒေသအလိုက်မိုးခေါင်မှုဒဏ်ခံနိုင်သော စိုက်ပျိုးသီးနှံများအကြောင်းကိုအခြားသူများအားအသိပေးပါ။




**သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

ရုံးအမှတ်(၂၃) နေပြည်တော်

ဖုန်း - ၀၆၇-၄၀၄၃၁၈၊ ၀၆၇-၄၀၄၁၁၄ ဖက်စ်- ၀၆၇-၄၀၄၅၁၂

၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၄၀၄၆၆၆၊ ၀၆၇ - ၄၀၄၇၇၇

Email - reliefsection11@gmail.com ,
myanmareoc.rrd@gmail.com


သဘာဝဘေးအန္တရာယ်ဆိုင်ရာ
သတင်းအချက်အလက်များကိုအချိန်နှင့်တစ်ပြေးညီ
သိရှိနိုင်ဖို့ DAN Myanmar Application ကိုယခုပဲအခမဲ့ရယူလိုက်ပါ

Available on the App Store | GET IT ON Google Play

http://chalkandslate.co/rrd/dan.apk

Android Version အတွက် တိုက်ရိုက် ရယူရန်


Developed by ; | In collaboration with ; | Printed by ;

DRR Working Group Myanmar

USAID FROM THE AMERICAN PEOPLE

MCCDDM

ASDA


# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## မိုးခေါင်ရေရှားပညာပေးစာစောင်

### မဖြစ်မီ ကြိုတင်ပြင်ဆင်ရန်များ

၁။ သက်ဆိုင်ရာဌာနများမှတရားဝင်ထုတ်ပြန်သောဒေသအလိုက်ရာသီဥတုဆိုင်ရာသတင်းအချက်အလက်များကို စဥ်ဆက်မပြတ်ရယူပါ။အခြားသူများကိုလည်းမျှဝေပါ။



၂။ ရာသီအလိုက်ဖြစ်ပေါ်သော မိုးခေါင်ရေရှားခြင်း လက္ခဏာများမှာ ....



- ပူပြင်းခြောက်သွေ့သည့်ကာလ ကြာရှည်လာခြင်း
- စိမ်းလန်းသော သစ်ပင်များ ညှိုးနွမ်းခြောက်သွေ့လာခြင်း
- ရေတွင်းရေကန်များ လျော့ပါး ခြောက်သွေ့လာခြင်းစသည် တို့ကို သိရှိထားပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပါ။

၃။ သက်ဆိုင်ရာဌာနမှ အကြံပြုထားသည့် ရာသီဥတုဒဏ်
ခံနိုင်သော သီးနှံနှင့်မျိုးစေ့များကိုစိုက်ပျိုးပါ။



၄။မိုးခေါင်ရေရှားခြင်းကြောင့်ဖြစ်ပေါ်နိုင်သောရောဂါများကို
ကြိုတင်ကာကွယ်နိုင်ရန်ကျန်းမာရေးဌာနမှသတိပေးနှိုးဆော်
ချက်များကိုလိုက်နာပါ။



၅။မိသားစုအလိုက်လိုအပ်ချက်များကိုသိရှိထားပြီး
သန့်ရှင်းသောသောက်သုံးရေများနှင့် အစားအစာများကို
ကြိုတင်စုဆောင်းထားပါ။





၆။ မိုးခေါင်ရေရှားခြင်းဖြစ်နိုင်ခြေရှိကြောင်းသတိပေးချက်
ရရှိပါကမိမိရပ်ရွာရှိရေတွင်း၊ရေကန်များကိုစနစ်တကျ
ထိန်းသိမ်းသုံးစွဲပါ။



၇ ။ အရိပ်ရသစ်ပင်များကိုစိုက်ပျိုးထားပါ။



၈။ စည်းကမ်းမဲ့ သစ်ခုတ်ခြင်း၊ တောမီးရှို့ခြင်း နှင့် တောင်ယာ
ခုတ်ခြင်းများမပြုလုပ်ပါနှင့်။





# မိုးခေါင်ရေရှားဖြစ်နေစဉ်လိုက်နာရန် အချက်များ

၁။ရေကို ခြိုးခြံ ချွေတာသုံးစွဲပါ။ ချိုးရေသုံးရေများကိုအခြား
သင့်တော်သည့်နေရာများတွင်ပြန်လည်အသုံးပြုပါ။



၂။ ရေကိုကျိုချက်၍သောက်ပါ။(သို့မဟုတ်)အခြားရေသန့်စနစ်
တစ်မျိုးမျိုးကိုအသုံးပြုပါ။





၃။ မိုးခေါင်ရေရှားခြင်းနှင့် ပတ်သက်၍သက်ဆိုင်ရာဌာနများမှ
ထုတ်ပြန်သည့် အရေးပေါ် သတိပေးချက်များကိုစဉ်ဆက်မပြတ်
ရယူပြီးလိုက်နာဆောင်ရွက်ပါ။



၄။သက်ဆိုင်ရာဌာနများ၊လူမှုရေးအဖွဲ့များနှင့် ချိတ်ဆက်
ဆောင်ရွက်ပြီးအကူအညီရယူပါ။

စိုက်ပျိုးရေးဦးစီးဌာန

ကျန်းမာရေးဦးစီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၅။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို
ဂရုစိုက်ပါ။

